## ဆဋ္ဌမအကြိမ် ညီလာခံသက်တမ်း၊ ဒုတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေး ထုတ်ပြန်ကြေညာချက်

၁။ ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ညီလာခံသက်တမ်း၊ ဒုတိယအကြိမ် ဗဟိုကော်မတီ အစည်းအဝေးကို ဗဟိုဌာနချုပ် ဝိတိုရိယစခန်းတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်မှ (၂၅) ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အကောင်အထည်ဖော်ဆောင်ရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) စသည့် ယန္တရားများဖြင့် တန်းတူရည်တူ ပူးတွဲအကောင်အထည်ဖော်ရေးကို ပြန်လည်မြှင့်တင်ရန် လိုအပ်သည်ဟု ရှုမြင်သုံးသပ်သည်။

၃။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ချင်း) ကို ချင်းအမျိုးသားတပ်ဦး၊ ချင်းပြည်နယ်အစိုးရ၊ နိုင်ငံရေးပါတီများ နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ စုပေါင်း၍ UPDJC ၏ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်နိုင်ရေး ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

၄။ ချင်းပြည်၊ ပလက်ဝမြို့နယ်အတွင်း ရခိုင့်လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အခြေချ လှုပ်ရှားမှုများ လုံးဝ မပြုလုပ်ရန် ထပ်မံ၍ အလေးအနက် တောင်းဆိုသည်။

၅။ ချင်းအမျိုးသားတပ်ဦး နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရ အကြား နှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ချင်းပြည်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများ ပိုမို တိုးတက်လာပြီး ပြည်ပရောက် ချင်းပြည်သူများ လွတ်လပ်စွာ ဝင်ထွက်သွားလာခွင့်များ ရရှိလာပါသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သည့် အစိုးရအနေဖြင့်လည်း သဘောတူစာချုပ်များအတိုင်း ဆက်လက် အကောင်အထည်ဖော်ပေးပါရန် တိုက်တွန်းအပ်ပါသည်။

၆။ ချင်းအမျိုးသားတပ်ဦးအနေဖြင့် မြန်မာ့တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိခိုက်မည်ကို စိုးရိမ်မိပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာများအနေဖြင့် နိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးနည်းဖြင့်သာ တွေ့ဆုံညှိနှိုင်းအဖြေရှာရန် ထပ်လောင်း တိုက်တွန်းအပ်ပါသည်။

၇။ ချင်းပြည်တည်ဆောက်ရေး နှင့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်သူလူထု၏ စုပေါင်းအားဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် ချင်းအမျိုးသားရေးကို ရှေးရှုလျက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ချင်းလူထုတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗဟိုကော်မတီ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်

ဆက်သွယ်ရန်-
Salai Thla Hei
အထွေထွေအတွင်းရေးမှူး
၀၉၇၉၅၇၅၄၄၃၅၊ ၀၉၄၅၂၀၅၄၄၈၈

Chin National Front – General Headquarters, Chinland